ကညင်ချောင်းကျုံဖားကျေးရွာအုပ်စု

ကညင်ချောင်းကျေးရွာ၊ကျိုက်လတ်မြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

# (၂၀၂၁-၂၀၂၅)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ကညင်ချောင်းကျေးရွာ၊ကျိုက်လတ်မြို့နယ်

(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန)

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၂၁ခုနှစ်၊ဩဂုတ်လ

မာတိကာ


| | |
|---|---|
| မာတိကာ | ၁-၅ |
| ကျေးဇူးတင်လွှာ | ၆ |
| စကားချီ | ၆-၇ |
| ကညင်ချောင်းကျေးရွာသယံဇာတပြမြေပုံ၊ကျိုက်လတ်မြို့နယ် | ၈ |
| ကညင်ချောင်းကျေးရွာ ရာသီခွင်ပြဇယား | ၉ |
| ကညင်ချောင်းကျေးရွာတွင်းနှင့် ပြင်ပအဖွဲ့အစည်းများရှိမှု | ၁၀ |
| အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်အစီအစဉ် | ၁၁ |
| (၁) နိဒါန်း -ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့်လွှမ်းခြုံသက်ရောက်မှု | ၁၁-၁၃ |
| (က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက် | |
| (ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု | |
| (၂) ကျေးရွာ၏ ပထဝီ အနေအထားနှင့် လွှမ်းခြုံသက်ရောက်မှု | ၁၃ |
| (က) တည်နေရာ၊ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား | |
| (ခ) သဘာဝအရင်းအမြစ်များ | |
| (၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်မှု အခြေအနေ | ၁၃-၁၅ |
| (က) လူဦးရေဆိုင်ရာအချက်အလက်များ | |
| (ခ) ကျန်းမာရေးနှင့် အဟာရ | |
| (ဂ) ပညာရေးနှင့်ကျွမ်းကျင်မှုများ | |
| (ဃ) ကျား-မ ရေးရာဆိုင်ရာ | |
| (၄) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေ | ၁၅-၁၇ |
| (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ် | |

(ခ) သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ

(ဃ) သဘာဝပတ်ဝန်းကျင်နှင့်သယံဇာတ စီမံခန့်ခွဲမှု

(င) ဘဏ္ဍာနှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

(စ) ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦးများအား လက်လှမ်းမီမှု-လမ်းတံတား၊လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ အဟန့်အတားနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၈

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ ဖြစ်စေသောအခြေအနေကောင်းများ

(၆) ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ ၁၉

(၇) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက် ရေးဆွဲခြင်းနှင့် ပုံမှန်စစ်ဆေးခြင်း ၁၉-၂၀

(က) စိုက်ပျိုးမြေများထိရောက်စွာအသုံးချနိုင်ရေး

(ခ) ငွေကြေးနှင့် ဘဏ္ဍာလုပ်ငန်းများ

(ဂ) ကျေးလက်အသေးစားစက်မှုလက်မှုလုပ်ငန်းပိုင်းဆိုင်ရာအထောက်အပံ့

(ဃ) လမ်းပန်းဆက်သွယ်ရေး

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ ၂၁

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ၂၂

(ခ) ဦးစားပေးစီမံချက်များ ၂၃

နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက် ၂၄-၂၅
(ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်းအထိ)

နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေးကော်မတီစာရင်း ၂၆

စီမံချက်အဆိုပြုလွှာ ၂၇-၂၈

နောက်ဆက်တွဲ (၃) စီမံကိန်းဇယားများ ၂၉-၇၈

(၁) လူမှုစီးပွားရေး အခြေအနေ

ဇယား ၁ လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ၂ လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား ၃ လုပ်ငန်းနှင့် ကျား၊မ အလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား ၄ ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

ဇယား ၅ ဓါတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

ဇယား ၆ ဥစ္စာဓန အဆင့်အခြေအနေ

ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ

ဇယား ၈ ကူညီစောင့်ရှောက်မှုအထူး လိုအပ်သောအုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား ၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား ၁၀ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်အုပ်စု

(၂) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

ဇယား ၁၁ ကျေးရွာအတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးလုပ်ဆောင်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား ၁၃ ကျေးရွာစိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု

ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား ၁၉ မွေးမြူရေးနှင့် ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား ၂၁ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေး လုပ်ငန်းများ

ဇယား ၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း

ပြဿနာနှင့် အခက်အခဲများ

ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ပုံစံနှင့် အချိန်ကာလ

ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းအရင်း

ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု ၊ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား ၂၉ ငွေကြေးလက်လှမ်းမီမှုနှင့် သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိ

အလေ့အကျင့်နှင့် အခက်အခဲများ

ဇယား ၃၀ မူလတန်း၊အလယ်တန်းအထက်တန်းနှင့် တက္ကသိုလ် အဆင့်

စာတတ်မြောက်မှုနှုန်း

ဇယား ၃၁ ကျောင်းတက်နှုန်း

ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့်ဝန်ဆောင်မှုများ

ဇယား ၃၃ ပညာရေး အခက်အခဲနှင့် ပြဿနာများ

ဇယား ၃၄ အဖြစ်များသော ရောဂါများ

ဇယား ၃၅ လွန်ခဲ့သော ၁၂လ အတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့ နှင့် ဝန်ဆောင်မှုများ

ဇယား ၃၇ သောက်သုံးရေ ရရှိနိုင်မှု

ဇယား ၃၈ အိမ်သာ အမျိုးအစား

ဇယား ၃၉ ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ

ဇယား ၄၀ ကျေးရွာ၏ တံတား တည်ရှိမှု အခြေအနေ

ဇယား ၄၁ ကျေးရွာ၏ တံတား တည်ရှိမှု အခြေအနေ

ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေးယာဉ်များ

ဇယား ၄၃ သယ်ယူပို့ဆောင်ရေး ယာဉ်များ

ဇယား ၄၄ လျှပ်စစ်မီး ရရှိမှု အခြေအနေ

ဇယား ၄၅ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ

ဇယား ၄၆ ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

ဇယား ၄၇ ဘေးကင်း လုံခြုံရေး၊ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်း မီမှု

ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ

ကိုးကားစာရင်း

## ကျေးဇူးတင်လွှာ

ဤကျေးရွာဖွံ့ဖြိုးရေး စီမံချက်သည် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှ ၂၀၂၄-၂၀၂၅ ခုနှစ် အထိ(၅)နှစ် ကြာအကောင်အထည် ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင်ရေးဆွဲ ထားသည့်ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ရှေးဦးစွာစီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသောသမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနအားအထူးပင်ကျေးဇူးတင်ရှိပါသည်။အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်ချုပ်ရေးမှူး နှင့်သက်ဆိုင်ရာဝန်ထမ်းများ၊ ရပ်မိရပ်ဖများ၊ ပါဝင်ဆောင်ရွက်ပေးကြပါသောကျေးရွာသူ-ကျေးရွာသားများ အားလုံးကိုလည်းအထူး ကျေးဇူးတင်ရှိပါသည်။

## စကားချီး

ကျွန်ုပ်တို့ကျေးရွာတွင်ရပ်ရွာဖွံ့ဖြိုးရေးလုပ်ငန်းများကိုစုပေါင်းစီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း အားလုံးပူးပေါင်းပါဝင် ဆောင်ရွက်မှုအားနည်းခဲ့ပါသည်။ စနစ်တကျပူးပေါင်းဆောင်ရွက် နည်းကို အသုံးပြု၍ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် လိုအပ်ချက်နှင့် အခက်အခဲ များတွေ့ရှိခဲ့ရပါသည်။ သို့ပါသော်လည်း ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့်သတင်းအချက်အလက်တို့အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်ချုပ်ရေးမှူး ရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့အပြင်လိုအပ်သော ကိန်းဂဏန်း၊အချက်အလက်များနှင့် နည်းပညာ ပံ့ပိုးမှုတို့ကိုမြို့နယ်အဆင့်ဆင့် ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့်ပိုမိုကောင်းလာသည်မှာသေချာပါသည်။ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်း ဖြစ်ပြီးလုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ပေါ်ပေါက်သည့် အခက်ခဲ များနှင့်ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီစအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်ကိုဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်ချုပ်ရေးမှူး၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများ ဆက်လက် ရရှိမည်ဟုကျွန်ုပ်တို့မျှော်လင့်ပါသည်။ဆက်လက်၍နောင်တွင်လည်းကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာအားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။အပိုင်း(က)တွင်ဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့်လမ်းကြောင်းနှင့်လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကိုအဓိကဖော်ပြထားပါသည်။အပိုင်း(ခ)သည်စီမံကိန်းဆိုင်ရာအချက်အလက်၊အကြောင်းအရာ များဖြစ်ပြီးအဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

**ဩဂုတ်လ၊၂၀၂၁**

**ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့**

**ကညင်ချောင်းကျေးရွာ၊ကျိုက်လတ်မြို့**

# ကညင်ချောင်းကျေးရွာတည်နေရာပြမြေပုံ



## ကညင်ချောင်းကျုံဖားကျေးရွာအုပ်စု၊ ကညင်ချောင်းကျေးရွာ ရာသီခွင်ပြပြက္ခဒိန်



## ကညင်ချောင်းကျေးရွာအဖွဲ့အစည်းများချိတ်ဆက်ပြမြေပုံ(VEEN DIAGRAM)



## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

## ၁။ နိဒါန်း

### (က) ရည်ရွယ်ချက်

ဤကျေးရွာ ဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းသည် အစိုးရဌာနများ၊ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများ၏ နိုင်ငံတော်အတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည် အစီအစဉ် အသစ်ဖြစ်ကြောင်း သိရှိရပါသည်။

### ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်း

ကျွန်ုပ်တို့၏ပထမဦးဆုံးသောကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကိုနိုင်ငံတော်အကူအညီဖြင့်ရေးဆွဲရာတွင်ကျေးရွာလူထုကိုယ်တိုင်တက်ကြွစွာပါဝင်ရေးဆွဲခဲ့ပါသည်။ယခင်ကဖွံ့ဖြိုးရေး အစီအစဉ် ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ဤအစီအစဉ် ရေးဆွဲပြီးနောက်ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်းသတင်း အချက်အလက်များရယူရန်နှင့်ကျွန်ုပ်တို့၏ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန် လိုအပ်သော နည်းပညာများ ရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ထိုပြဿနာများဖြစ်ရသည့် အကြောင်းရင်းခံချက်များ၊(၅)နှစ်တာကာလ အပြီးတွင်ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ထိုရည်မှန်းချက်များရရှိရန်ကျွန်ုပ်တို့ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင်ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန်လိုအပ်သောအရာများနှင့်ငွေကြေးရရှိနိုင်မည့် လမ်းကြောင်း များကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက် လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှ တို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကိုသိရှိစေရန်မျှော်လင့်ပါသည်။

### နိုင်ငံတော်အစိုးရ အဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့ကျေးရွာအဆင့် အားထုတ်မှုများအတွက်မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေး စီမံချက်ကိုမြို့နယ်အဆင့်၊ပြည်နယ်အဆင့် ၊ တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့ အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊အရပ်ဖက်လူမှုအဖွဲ့အစည်းများ((CSOs)နှင့် အလှူရှင်အဖွဲ့အစည်းများသည်ကျေးရွာလူထုအမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက် ရမည့်လုပ်ငန်းများကိုပိုမိုသိရှိ လာနိုင်မည်ဖြစ်ပါသည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက်သတင်းအချက်အလက်များပိုမို သိရှိလာနိုင်မည် ဖြစ်ပါသည်။

နည်းပညာအထောက်အပံ့ပေးမည့်အဖွဲ့အစည်းများနှင့်တက္ကသိုလ်များအနေဖြင့်ကျွန်တော်တို့ကျေးရွာနှင့်ကျေးလက်လူထု၏တိကျသောလိုအပ်ချက်အား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏ သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်ဖြစ်ပါသည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့်ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)၊နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများ နှင့်အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းများကို မြို့နယ်အဆင့်တွင်ပေါင်းစပ်ညှိနှိုင်း ပြုလုပ်လာ နိုင်ပါသည်။

**(ခ) စီမံကိန်း ၏လွှမ်းခြုံသက်ရောက်မှု**

ယခုဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုတွင်း ကျေးရွာလူထုဦးဆောင်ပါဝင်သောလုပ်ကိုင်နည်းဖြင့် စုပေါင်းရေးဆွဲကြသောကြောင့် အမြင်ရှင်းလင်းမှုဖြစ်စေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်အတွက် လူထုကိုယ်တိုင်ပါဝင်ဆောင်ရွက်ကြပါသည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူထုပါဝင်စုစည်းခြင်း ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။သို့ဖြစ်ပါ၍လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်း ပေးနိုင်မည့်

စီမံကိန်းများကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက် သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

## ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က) တည်နေရာ၊ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

ကျေးရွာသည် ကျိုက်လတ်မြို့နှင့်ရေလမ်းအားဖြင့် (၁၅) မိုင်ကွာဝေးပြီး အုပ်ချုပ်ရေးမှုးရုံးစိုက်ရာ ကျိုက်လတ်မြို့နယ်နှင့် ဆက်သွယ်သွားလာရန်လွယ်ကူပါသည်။ ကျေးရွာသည်မြေပြန့်ဒေသတွင် တည်ရှိပြီး အဓိကအသက်မွေးဝမ်းကျောင်း လုပ်ငန်းများမှာ စိုက်ပျိုးရေးလုပ်ငန်းနှင့် ရောင်းဝယ်ရေး လုပ်ငန်းများ လုပ်ကိုင်ကြသည်။ ဒေသတစ်နှစ်ပျမ်းမျှ မိုးရေးချိန်လက်မ ၈၀ မှ ၁၂၀ ဝန်းကျင်တွင်ရှိပြီး စိုက်ပျိုးရေး လုပ်ငန်းများ အတွက်အသင့်အတင့် အထောက်အကူပြုပါသည်။ ကျေးရွာတွင် မြစ်၊ချောင်း၊ များရှိပြီးမြေပြင် အနေအထားမှာ လယ်ယာမြေများစပါး စိုက်ပျိုးထုတ်လုပ်ရန်နှင့် အသက်မွေး ဝမ်းကျောင်း ရန်အတွက် အဓိကအားထားရာဖြစ်သည်။နှစ်စဉ်ရေကြီးနစ်မြုပ်ခြင်းခံရသောကြောင့်ပျက်စီးမှုများကြုံတွေ့ခံစားရသော် လည်း စီးပွားများပျက်စီးသည့်အထိတော့ မတွေ့ကြုံ ရသေးပါ။

### (ခ) သဘာဝအရင်းအမြစ်

လယ်ယာမြေများရှိပြီး မြေအသင့်အတင့် ကောင်းမွန်သည်။ ကျေးရွာတွင် သဘာဝသယံဇာတ မထွက်ရှိပါ။ တောင်သူများမှာချောင်းရေဖြင့်လယ်မြေဧက (၁၄၂) ဧက ကျော်ကို ရေသွင်း၍ နွေသီးနှံ၊မိုးသီးနှံအဖြစ် စိုက်ပျိုးကြသည်။ ထွန်းယက်စိုက်ပျိုးနိုင်သည့်ဧက (၁၇၁) ဧကရှိပြီး မိုးစပါးနှင့် နွေစပါးကိုအဓိက စိုက်ပျိုးကြသည်။ ရာသီပေါ်သီးနှံစိုက်ပျိုးမှုများလည်းရှိသည်။

## ၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေဆိုင်ရာ အချက်အလက်များ

အိမ်ထောင်စုပေါင်း (၈၄)စုနှင့် ကျား(၁၅၅)၊ မ(၁၉၅)ဦးဖြင့် လူဦးရေပေါင်း (၃၅၀)ဦး ရှိကာ တစ်အိမ်ထောင်လျှင်ပျမ်းမျှ လူဦးရေ(၄)ဦးနှုန်းရှိပြီးနိုင်ငံတော်၏တစ်အိမ်ထောင်ပျမ်းမျှလူဦးရေ( ၅ )ဦးထက် လျှော့နည်းသည်။ ကျေးရွာတွင်ဗမာလူဦးရေအများဆုံးနေထိုင်ပြီးကရင် လူမျိုးများ အနည်းငယ်နေထိုင် ပါသည်။ ကျေးရွာတွင်အလုပ်လုပ်နိုင်သောလူဦးရေမှာ လူဦးရေ ပေါင်း ၏ ၇၃ % ခန့် ရှိသဖြင့်လူသား အရင်း အမြစ်ကောင်း တစ်ရပ်ဖြစ်ကာ လူငယ်များကို လေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွားရေးတိုးတက်အောင် စွမ်းဆောင်နိုင်သည်။ အလုပ်လုပ်နိုင်သော အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက် ပိုမိုများသည်။ အမျိုးသမီးများအတွက် အိမ်တွင်းမှုလုပ်ငန်းများဆောင်ရွက်ပေးသင့်သည်။

**(ခ) ကျန်းမားရေးနှင့်အာဟာရ**

ကျေးရွာတွင်ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရပြည့်ဝကြပါသည်။ ကလေးငယ်အများစုမှာလည်း ကျန်းမာကြပါသည်။ သွေးလွန်တုပ်ကွေးရောဂါမှာ ယခုနှစ်အပိုင်းတွင်ပိုမိုဖြစ်ပွားတတ်သည်ကိုတွေ့ရပါသည်။အမျိုးသမီး၊လူငယ်လူရွယ်၊သက်ကြီးပိုင်းတို့သည်လည်း တစ်ကိုယ် ရေသန့်ရှင်းမှု အသိအမြင်များရှိကြပါသည်။ ကျေးရွာသည် ကျိုက်လတ် မြို့နယ်နှင့် (၁၅)မိုင်ကျော်ဝေးသဖြင့် အချိန်မရွေး ကျန်းမားရေး စောင့်ရှောက်မှု ခံယူနိုင်ရန်လွယ်ကူပါသည်။ ကျန်းမာရေးဆေးပေးခန်း ရရှိရန်မျှော်လင့်ချက်တစ်ခုအဖြစ်ရှိနေပါသည်။

ကျေးရွာတွင် သောက်သုံးရေအတွက် မိုးရေလှောင်ကန်နှင့် သုံးရေအတွက် ချောင်းရေကို အသုံးပြုကြပါသည်။ တစ်ခါတစ်ရံ ဝမ်းပျက်ဝမ်းလျော ရောဂါဖြစ်ပွားသည်နှင့် အခြားဆိုးဝါးသောရောဂါများဖြစ်ပွားမှုနည်းပါးကြောင်းတွေ့ရပါသည်။

**(ဂ) ပညာရေးနှင့်ကျွမ်းကျင်မှုများ**

ကျေးရွာရှိ ပညာရေးအဆင့်အတန်းသည် အတော်အသင့် ရှိကြောင်းတွေ့ရပါသည်။ ကျေးရွာသူ/သားအများစုလိုလို အရေးအဖတ်ကျွမ်းကျင်ကြပါသည်။ ကျေးရွာတွင်စာသင်ကျောင်းမရှိပါ။ ရွာချင်းကပ်လျက်ဖြစ်သော မရမ်းငူကျေးရွာ(ထ-ခွဲ)ကျောင်းသို့ သွားရောက်သင်ကြားနိုင်သဖြင့် အတန်းပညာတက်ရောက်သင်ကြားနိုင်မှုမြင့်မားပါသည်။ဘွဲ့ရအရေအတွက် မှာအသင့်အတင့်ရှိသည်။ပညာအရည်အချင်းများ အသင့်အတင့်တက်မြောက်ကြသော်လည်း အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် အလုပ်အကိုင် အခွင့်အလမ်းနည်းပါးသည်။

**(ဃ) ကျား-မရေးရာဆိုင်ရာ**

ကျေးရွာတွင် ကျား-မ ရေးရာ ကိစ္စဆိုင်ရာအနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျားမ ရေးရာဆိုင်ရာတာဝန်ယူမှုအပိုင်းတွင်လည်း ကျေးရွာတွင် လူမှုအဖွဲ့အစည်း၏ စံနှုန်းများအရ ကောင်းစွာသတ်မှတ်ထားကြသည်။ကျေးရွာတွင် ကျားမအကြားပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများ မတွေ့ရပါ။ ကျေးရွာတွင် အမျိုးသား၊အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ ပညာရေးနှင့်ဆိုင်သောကိန်းဂဏန်းများတွင် မူလတန်းအဆင့်၊အလယ်တန်းအဆင့်နှင့်အထက်တန်းအဆင့်တွင် မိန်းကလေးအရေအတွက်သည် ယောကျ်ားလေးအရေအတွက်ထက် ပိုများနေ၍ အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာအခွင့်အရေးမှာ အမျိုးသားများနှင့်အတူအတူပင် ဖြစ်သည်။သို့သော်ကျေးရွာတွင် နေ့တွက်လုပ်အားခများမှာအမျိုးသားများက ပိုမိုရကြပါသည်။ ဥပမာအားဖြင့် လုပ်အားခသဘာဝနှင့်အင်အားစိုက်ထုတ်ရမှု

တူညီသော်လည်း အမျိုးသမီးများသည် အမျိုးသား များထက် လုပ်အားခနည်းပြီးရကြပါသည်။ အုပ်ချုပ်ရေး အဖွဲ့အစည်းများတွင်မူအမျိုးသမီးပါဝင်မှုတို့မှာ အလွန်လျော့နည်း လျှက်ရှိသည်။ ကျား-မတန်းတူညီမျှမှုနှင့် ပတ်သက်၍ အသိပညာပေး ခြင်းများမြှင့်တင်ဆောင်ရွက်ပေးခြင်း ဖြင့်ကျား-မ တန်းတူညီမျှမှု ဖွံ့ဖြိုးမှုတို့ အတွက် ပိုမို အထောက်အပံ့ဖြစ်လာနိုင်ပါသည်။

## ၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် ရပ်မိရပ်ဖအဖွဲ့နှင့်ပရဟိတအဖွဲ့တို့ရှိပြီးသာရေး၊ နာရေးကိစ္စအပါအဝင် လူမှုရေး လုပ်ငန်းများကိုဆောင်ရွက်လျက်ရှိပြီးလူပ်ရှားဆောင်ရွက်မှုကောင်းမွန်ပါသည်။ ငွေရေးကြေးရေး ဝန်ဆောင်မှု ရန်ပုံငွေပက်မြန်မာငွေကြေး အဖွဲ့အစည်းနှင့် ပြင်ပမှဖွဲ့စည်းပေးထားပြီး အသေးစားငွေချေး လုပ်ငန်းများမှ လည်ပတ်ဆောင်ရွက်လျက်ရှိသည်။ကျေးရွာရှိအဆိုပါအဖွဲ့အစည်းများမှာ တစ်ဖွဲ့နှင့်တစ်ဖွဲ့ အကြားချိတ်ဆက် ဆောင်ရွက်မှု၊ အဖွဲ့အစည်းဆိုင်ရာ သဘောတရားတို့နှင့်ပတ်သက်၍အားနည်းပါသည်။ အဖွဲ့အစည်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများရရှိနိုင်ပါကဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုပိုမိုတိုးတက် ကောင်းမွန် လာနိုင်ပါသည်။

### (ခ) သီးနှံ၊သားငါးထုတ်လုပ်ရေး ကဏ္ဍ

ကျေးရွာတွင် မိုးစပါးနှင့် နွေစပါးကို အဓိကထားစိုက်ပျိုးကြသည်။ မိုးစပါးစိုက်ကေ (၁၄၂)ကေ ရှိပြီး သီးထပ်အဖြစ်နွေစပါးလည်း(၁၄၂)ကေကို စိုက်ပျိုးကြသည်။ မိုးစပါးပျမ်းမျှ အထွက်မှာ (၄၀)တင်းနှင့် နွေစပါး (၉၀)တင်းတို့ ထွက်ရှိကြသည်။ နွေစပါးကေ (၁၄၂)ကေကိုချောင်းရေမှ ရေသွင်း စိုက်ပျိုးကြသည်။

စိုက်ပျိုးရေးဦးစီးဌာနမှနည်းပညာဝန်တောင်မှုများရရှိနိုင်ကြပြီးစိုက်ပျိုးရေးပစ္စည်းကုမ္ပဏီများမှလည်း တောင်သူများအတွက်ဝန်ဆောင်မှုများပေးသည်။တောင်သူအများစုသည် လယ်ယာလုပ်ငန်းခွင်အတွက် အလုပ်သမားရှားပါးမှုနှင့် ပြည့်စုံလုံလောက်သော လုပ်အားခမပေးနိုင်ခြင်း ပြဿနာများကိုရင်ဆိုင်ရသည်။ ကုန်ကျစရိတ်မြင့်တက်မှုတို့ကိုကျော်လွှားနိုင်ရန် နည်းစနစ်များလိုအပ်နေကြသည်။နှစ်စဉ်ရေကြီး ရေလျှံမှု သည်စိုက်ပျိုးမှုများအတွက် အရေးကြီးသော ပြဿနာတစ်ရပ်ဖြစ်နေသည်။

ကျေးရွာတွင်ဒေသထွက်မျိုးရင်းများဖြစ်သောဝက်၊ကြက်၊ဘဲတို့ကိုသာမွေးမြူကြသည်။ ရာသီအလိုက် ဖြစ်တက်သော ရောဂါများကြောင့် သေဆုံးပျက်စီးမှုများရှိပါသည်။ နည်းပညာဝန်ဆောင်မှုကို မြို့နယ်မွေးမြူ ရေးနှင့်ကုသရေးဦးစီးဌာနမှရရှိနိုင်ပါသည်။သို့သော်လည်းဝန်ထမ်းမလုံလောက်မှုကြောင့် လွှမ်းခြုံဆောင်ရွက်

ပေးနိုင်မှုအားနည်းသည်။ မွေးမြူရေးလုပ်ငန်းပိုင်းဆိုင်ရာ အဟန့်အတားများအနေဖြင့် မွေးမြူရေးလုပ်ငန်း တည်ထောင်တိုးချဲ့ရန်ချေးငွေကို အလွယ်တကူမရရှိနိုင်ပါ။

### (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင်အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းမရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများမှာ နေ့စားအလုပ်များ၊ ခေါင်းရွက်ဗျပ်ထိုး၊ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများ၊ ဈေးရောင်း၊အစိုးရ ဝန်ထမ်းလုပ်ငန်းတို့ ဖြစ်ကြပါသည်။အခြားလုပ်ငန်းအများစုမှာ ရာသီဥတုနှင့် အမျိုးအစားအလိုက် တွက်ခြေကိုက်မှု အနည်းအပါးမှ အသင့်အတင့်အနေအထားတွင်ရှိသည်။ လက်လုပ်လက်စားလုပ်ငန်းများမှာ စိုက်ပျိုးရာသီများတွင်သာ အလုပ်အကိုင်များပြီး ကျန်အချိန်များတွင် အလုပ်အကိုင်နှင့်ဝင်ငွေမမှန်ခြင်းကြောင့် တွက်ခြေကိုက်မှု နည်းပါးပါသည်။ကျေးရွာတွင်အလုပ်လုပ်နိုင်သော ဦးရေများပြားခြင်းကကျေးရွာ၏ အလားအလာကောင်းတစ်ရပ်ဖြစ်သည်။

### (ဃ) သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတ စီမံခန့်ခွဲမှု

ကျေးရွာတွင်စပါးနှင့် အခြားသီးနှံစိုက်ခင်းများတွင် ပိုးသတ်ဆေးနှင့် ဓါတုဓါတ်မြေဩဇာ သုံးစွဲမှုများပြားသဖြင့် မြေဆီလွှာအရည်အသွေးကျဆင်းလာနိုင်သည်။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှား နှိမ်နင်းရေး နည်းစနစ်အား အသုံးပြုမည်ဆိုပါက အဆင်ပြေနိုင်ပါသည်။စွန့်ပစ်ပစ္စည်းများစီမံခန့်ခွဲမှုတွင် ပလပ်စတစ်အိတ်ခွံ၊ပုလင်းခွံ၊ ဗူးခွံ၊ ကော်နှင့် ဆက်စပ်သော ပစ္စည်းများ စနစ်တကျ မစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင် ဆိုင်ရာ အသိပညာပေးရေးလုပ်ငန်းများ မြှင့်တင် ဆောင်ရွက် ပေးသင့်သည်။

ဤကျေးရွာ၏ လယ်မြေများသည် ရေကြီးလွှမ်းမိုးမှုကိုနှစ်စဉ်ကြုံတွေ့ရသည်။ မြစ်ဝကျွန်းပေါ် ဒေသဖြစ်သောကြောင့်လည်း မုန်တိုင်းဝင်ရောက်မှုကိုကြုံတွေ့ရပါသည်။ နှစ်စဉ်ဖြစ်ပေါ်နေသော ကျရောက်မြဲဖြစ်သောရေကြီးခြင်းသည်လည်း သဘာဝဘေးအန္တရာယ်တစ်ခု အဖြစ်ရှိနေဆဲ ဖြစ်ပါ သည်။

### (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာမှ တောင်သူလယ်သမားများသည် မြန်မာလယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးပေးသောချေးငွေကိုတစ်နှစ်အတိုးနှုန်း(၀.၈)ကျပ်တိုး၊တစ်ကော၁၅၀၀၀၀ကျပ်နှုန်းဖြင့်အများဆုံး(၁၀)ကေ အတွက် ချေးယူနိုင်ကြသည်။ကျေးရွာတွင်ပက်မြန်မာငွေစုငွေကြေးအဖွဲ့အစည်းများရှိပြီး လစဉ်အရစ်ကျ ပေးသွင်းခြင်းပုံစံဖြင့်ငွေစုငွေချေးလုပ်ငန်းများကိုဆောင်ရွက်လျှက်ရှိပါသည်။စည်းကမ်းပိုင်းတွင်လည်းတင်းကျပ်ထားသည်။ တစ်ချို့သောအိမ်ထောင်စုများသည် ရွာထဲမှမိတ်ဆွေမိသားစုထံမှ ချေးယူကြပါသည်။

## (စ) ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

သောက်သုံးရေအတွက်မိုးရေလှောင်ကန်မှရရှိပြီး လုံလောက်မှုမရှိပါ။ အချို့အိမ်ထောင်စုများမှာ ချောင်းရေများကိုကြိုချက်၍သောက်သုံးရပါသည်။အိမ်ထောင်စုများသည်ယင်လုံအိမ်သာများကို ဆောက်လုပ်သုံးစွဲကြပါသည်။တစ်ရွာလုံး ယင်လုံအိမ်သာသုံးစွဲကြပါသည်။ထိုကြောင့်ရေကြောင့် ဆက်စပ်ဖြစ်ပွားတတ်သောရောဂါဖြစ်ပွားမှုနည်းပါးပါသည်။ ဘုန်းတော်ကြီးကျောင်းတွင် လုံလောက်သောအိမ်သာများကို စနစ်တကျ ဆောက်လုပ်ထားပါသည်။

## (ဆ) လူငယ်နှင့်ယဉ်ကျေးမှု

လူငယ်များအတွက်ကျေးရွာတွင် အပန်းဖြေအနားယူနိုင်သည့်နေရာ သီးသန့်မရှိပါ။ အခြားအားကစားဆိုင်ရာဘောလုံးကွင်းများတည်ဆောက်ရန်လိုအပ်နေပါသေးသည်။ ကျေးရွာရှိ လူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကြပြီး ဘာသာရေးပွဲတော်များတွင်လည်း စိတ်ပါဝင်စားစွာဆင်နွှဲကြပါသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင်လည်း ပါဝင်ဆောင်ရွက်ကြ ပါသည်။

## (ဇ) အခြေခံအဆောက်အဦး -လမ်းတံတား၊လျှပ်စစ်စွမ်းအား၊သတင်းနှင့်ဆက်သွယ်ရေး

ရွာတွင်းရှိလမ်းအများစုမှာကွန်ကရစ်လမ်းဖြစ်ပြီး မြေသားလမ်းများလည်းရှိပါသည်။။စက်ဘီး၊ ဆိုင်ကယ်များကိုအသုံးပြုမောင်းနှင်ကြပါသည်။ရေလမ်းဆက်သွယ်ရေးအတွက်စက်လှေ(၂၀)စီး၊ကုန်လမ်း ဆက်သွယ်ရေးအတွက် မော်တော်ဆိုင်ကယ်(၁၄)စီး ၊ စက်ဘီး (၁၃)စီး၊ ကိုအသုံးပြုလျှက်ရှိပါသည်။ ကျေးရွာတွင်လျှပ်စစ်မီးကိုဆိုလာစနစ်တို့ကိုအသုံးပြုကြပါသည်။လျှပ်စစ်မီးမှာကျေးရွာ၏အဓိကလိုအပ်ချက် ဖြစ်ပြီးလျှပ်စစ်ဓါတ်အားရရှိပါကကျေးလက်နေ ပြည်သူများ၏ လူနေမှုအဆင့်အတန်း မြင့်မားလာနိုင်ပါသည်။ ကျေးရွာတွင်မိုဘိုင်းဖုန်းဆက်သွယ်ရေးကို လက်လှမ်းမီစွာအသုံးပြုနေကြပါသည်။ ကျေးရွာတွင် အင်တာနက် အသုံးပြုနိုင်မှုမှာအသင့်အတင့်ကောင်းမွန်ပြီး သတင်းအချက်အလက်ချိတ်ဆက်မှုများ အတွက်များစွာ အသုံးဝင်လှပါသည်။

## (ဈ) တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် ရာဇဝင်မှုဖြစ်ပွားခြင်းနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်နှင့်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ သို့သော်ရွာသားများသည် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို အသုံးပြုနိုင်ကြပြီး လိုအပ်သောသတင်းအရင်းအမြစ်များအတွက် လိုအပ်သလို ဆက်သွယ်သိရှိနိုင်ပါသည်။ ကျေးရွာတွင်သဘာဝဘေးအန္တရာယ်လျော့ပါးရေး အစီအစဉ်သီးသန့်ရေးဆွဲထားခြင်းမရှိသေးပါ။ ရွာသားများသည်ရဲစခန်းသို့ အလွယ် တကူချိတ်ဆက်နိုင်ပြီး ကျေးရွာတွင်ရာဇဝတ်မှု ဖြစ်ပွားမှုနည်းပါးသည်။

## ၅။ ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊အဟန့်အတားနှင့် စိန်ခေါ်မှုများ

### (က) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ

ကျေးရွာတွင်လျှပ်စစ်မီးကို မဟာဓါတ်အားလိုင်းမှ ချိတ်ဆက်သုံးစွဲခြင်း မရှိသေးသော်လည်း ရွာမီးလင်းရေးအတွက်ဇီဝလောင်စာ၊ဒီဇယ်အင်ဂျင်၊ဆိုလာမီးတို့ဖြင့်ကျောင်းသားကျောင်းသူတို့အတွက် စာဖတ်ချိန်အထောက် အပံ့ဖြစ်စေခြင်းနှင့် လူနေမှုအဆင့်အတန်းမြင့်မားလာရေး အတွက်ဆောင်ရွက် နေကြပါသည်။

လူငယ်ပညာတက်များရှိပြီးလူဦးရေအားလုံး၏ (၇၃)ရာခိုင်နှုန်းသည်အလုပ်လုပ်နိုင်သော အရွယ်များဖြစ်ကြသည်။ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်လာစေရန် ကျွမ်းကျင်မှုနှင့်သက်မွေးဝမ်းကျောင်း သင်တန်းများကို လူငယ်များအားလေ့ကျင့်ပေးခြင်းဖြင့် တိုးတက်လာစေနိုင်ပါသည်။ကျေးရွာလူထု၏ ကျန်းမာရေးအခြေအနေမှာယေဘုယျအားဖြင့် ကောင်းမွန်ကြပြီးရွာချင်းကပ်လျက်ဖြစ်သောမရမ်းဂွကျေးရွာ ကျေးလက်ဆေးပေးခန်းနှင့်ကျိုက်လတ်မြို့သို့သွားရောက်ကုသနိုင်သောကြောင့် ကျန်းမာရေးပံ့ပိုးပစ္စည်းများနှင့်ဝန်ဆောင်မှုများကိုအလွယ်တကူ လက်လှမ်း မီနိုင်ကြပါသည်။စိုးရိမ်ရသော ဆေးဝါးကုသလိုမှု အတွက်လည်း ကျိုက်လတ်မြို့နယ် ဆေးရုံကြီးသို့ သွားရောက်ကုသမှု ခံယူနိုင် ကြပါသည်။

သဘာဝအရင်းအမြစ်များ အနေတွင် လယ်မြေများသည် မြေပြန့်ဖြစ်ပြီး မြေဆီဩဇာ အတော်အသင့်ကောင်းမွန်သည်။ တောင်သူများလည်း လယ်ယာထွက်ကုန်များကို အလွယ်တကူသယ်ယူပို့ ဆောင်ပေးနိုင်သည်။ မိုးရွာသွန်းမှုမှာ စပါးစိုက်ပျိုးထုတ်လုပ်မှုအတွက် အထောက်အကူဖြစ်ပါသည်။ကျေးရွာတွင်ချောင်းရေသွင်း၍နွေစပါး(၄၃၃.၁၉)ကေကိုစိုက်ပျိုးထုတ်လုပ်ပါသည်။ကျေးရွာသည်ကျိုက်လတ်မြို့၊ရန်ကုန်မြို့တို့သို့ကားလမ်းဖြင့်ကူးသန်းသွားလာနိုင်ပါသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သဖြင့်ကျေးရွာထုတ်ကုန် များကိုအချိန်မှီတင်ပို့ရောင်းချနိုင်ပါသည်။

ကျေးရွာတွင် ရာဇဝတ်ဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့်ကုန်စည် ကူးသန်းရောင်းဝယ်မှုကိုချောမွေ့စေသည်။ရွာသားများသည်မိုဘိုင်းဖုန်းဆက်သွယ်ရေးကို အသုံးပြုနိုင်ကြပြီး လိုအပ်သောသတင်းအရင်းအမြစ်များအတွက်လိုအပ်သလိုဆက်သွယ်သိရှိနိုင်ပါသည်။ မိုဘိုင်းဖုန်း ဆက်သွယ်ရေးကို ဈေးကွက်နှင့်ဝန်ဆောင်မှုလုပ်ငန်းများအတွက်လက်လှမ်းမီအသုံးပြုနိုင်ကြပါသည်။အင်တာနက်အသုံးပြုမှုမှာလည်း ကောင်းမွန်ပါသည်။

## ၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

ကျေးရွာလူထုအားလုံးပူးပေါင်းပါဝင်ပြီး လာမည့်ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်းချမှတ်ထားပါသည်။

(က.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကုန်ထုတ်လုပ်မှု မြှင့်တင်ခြင်း၊အလုပ်အကိုင်များ ဖန်တီးခြင်း၊သက်မွေးပညာသင်တန်းများရရှိခြင်းမှ ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွားရေးအနေအထားတိုးတက် ရရှိလာစေရမည်။

(က.၂) ကျွန်ုပ်တို့ကျေးရွာလူထုသည် စာတတ်မြောက်မှုနှင့် ပိုမိုကောင်းမွန်သောပညာရေးမှတဆင့် ကလေးငယ်များ၏ လူသားဆိုင်ရာ စွမ်းဆောင်ရေး နယ်ပယ်ကို ကျယ်ဝန်းလာစေရမည်။

(က.၃) ကျွန်ုပ်တို့ကျေးရွာ လူထုသည် သက်မွေးဝမ်းကြောင်းလုပ်ငန်းနှင့် စီးပွားရေးအုပ်စုများဖွဲ့ပြီး ကျေးရွာအခြေပြု အဖွဲ့အစည်းများ၏စွမ်းဆောင်ရည်မြှင့်မားလာမှုမှ တဆင့်ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှု ယန္တရားတိုးတက်လာစေရမည်။

(က.၄) ကျွန်ုပ်တို့ ကျေးရွာရှိ လမ်းပန်းဆက်သွယ်ရေးနှင့် အခြေခံအဆောက်အဦးများ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီးကောင်းမွန်သော ဈေးကွက်ကြီးကို ဖန်တီးတည်ဆောက်မည်။

(က.၅) ကျွန်ုပ်တို့သည် ဖြစ်ပေါ်လာနိုင်သော သဘာဝ ဘေးအန္တရာယ် ကြိုတင် ကာကွယ်ရေးများကိုချမှတ်ပြီး ကျေးရွာသူ/သားတို့၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်မည်။

(က.၆) ကျွန်ုပ်တို့သည် ခေတ်မီလယ်ယာများဖော်ထုတ်ပြီး အရည်အသွေးမြင့် စိုက်ပျိုးရေး ထုတ်ကုန်များထုတ်လုပ်မည်။

## ၇။ ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက် ရေးဆွဲခြင်းနှင့် ပုံမှန်စစ်ဆေးခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါသည်။အနာဂတ်တွင်လည်းရေရှည်တည်တံ့မည့်အထောက်အပံ့များကိုနိုင်ငံတော်အစိုးရထံမှ လည်းအထောက်အပံ့ရရှိမည်ဟုမျှော်လင့်ပါသည်။ ကျွန်တော်တို့ကျေးရွာသားများကိုယ်တိုင်အားထုတ်လုပ်ကိုင် ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်း သတ်မှတ် ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့် အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျက် ပမာဏပါဝင်သည့် နှစ်ပတ်လည်ဖွံ့ဖြိုးရေး စီမံချက်ကို ပြင်ဆင်ရန်ဖြစ်ပါသည်။

### (က) စိုက်ပျိုးမြေများထိရောက်စွာ အသုံးချနိုင်ရေး

ကျေးရွာတွင် မိုးစပါး၊ဆောင်စပါး၊အခြားသီးနှံများကို စိုက်ပျိုးပါသည်။စပါးစိုက်ပျိုးရာတွင် ရေကြီးနစ်မြုပ်ခြင်း သည်အဓိကပြဿနာတစ်ရပ်ဖြစ်သည်။ရေကြီးနစ်မြုပ်မှုနှင့်သဘာဝဘေးအန္တရာယ် ကာကွယ်ရန် ခေတ်မီလယ်ယာ ဖော်ထုတ်ခြင်းနှင့် ရေစီးရေလာကောင်းမွန်အောင် သက်ဆိုင်ရာ အစိုးရဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရပါမည်။ ဖျက်ပိုးများ အန္တရာယ်အတွက်လည်း နှိမ်နင်းရေး ဝန်ဆောင်မှုများ လိုအပ်နေပါသည်။စပါးဈေးနှုန်းကျဆင်းမှုကြောင့်တောင်သူများအရှုံးနှင့်ရင်ဆိုင်ရပါသည်။စိုက်ပျိုးနိုင်သောမြေနေရာ

များရှိသေးပြီးဝင်ငွေကောင်းမွန်သောစိုက်ပျိုးရေးများလုပ်ဆောင်နိုင်ရန် နည်းပညာများနှင့် ဈေးကွက်ဖော်ဆောင်ရေးလုပ်ငန်းများကို သက်ဆိုင်ရာအစိုးရဌာနများနှင့် ပြည်သူတို့ ပူးပေါင်းဆောင်ရွက် သင့်ပါသည်။

### (ခ) ငွေကြေးနှင့်ဘဏ်လုပ်ငန်းများ

ဘဏ်လုပ်ငန်းများတွင် စိုက်ပျိုးရေးချေးငွေ၊မွေးမြူရေးချေးငွေ၊အသေးစား စက်မှုလက်မှုလုပ်ငန်းများ အတွက်ချေးငွေနှင့် အိမ်တွင်းမှုစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေများကာလရှည်နှင့် အတိုးနှုန်း သက်သာစွာ ချေးယူရရှိနိုင်ပါက ကျေးရွာဖွံ့ဖြိုးတိုးတက်မှု မြန်ဆန်လာနိုင်ပါသည်။ အထူးသဖြင့် လယ်သမား များနှင့် အသေးစားလုပ်ငန်းရှင်များသည် စိုက်ပျိုးရေးနှင့်အသေးစားစီးပွားရေး လုပ်ငန်းများအတွက် အထိုက် အလျောက် များပြားသည့် ချေးငွေလိုအပ်ပါသည်။

### (ဂ) ကျေးလက်အသေးစား စက်မှုလက်မှု လုပ်ငန်းပိုင်းဆိုင်ရာအထောက်အပံ့

ကျေးရွာတွင်အသေးစားစက်မှုလက်မှုလုပ်ငန်းများဖွံ့ဖြိုးလာနိုင်မည့်အလားအလာရှိပြီး အလုပ်အကိုင် နှင့် အမြတ်အစွန်းများရရှိရန် အထူးသဖြင့် လူငယ်နှင့်အမျိုးသမီးများအတွက် အခွင့်အလမ်းများ ရရှိပါမည်။ သို့သော် ၎င်းတို့တွင်လုပ်ငန်းဆိုင်ရာ စီမံအုပ်ချုပ်မှုနည်းပညာ၊ ဈေးကွက်၊ သတင်းအချက်အလက်များ လက်လှမ်းမီမှုတွင်အားနည်းပါသည်။ ကျေးရွာတစ်ခုလုံး၏ အမျိုးမျိုးကွဲပြားနေသောလုပ်ငန်းများ (ကုန်ထုတ်ခြင်း၊ စက်မှုလက်မှုလုပ်ငန်းများ) အတွက် လုပ်ငန်းစီမံခန့်ခွဲရေးထောက်ပံ့ခြင်းကို ကျေးရွာဖွံ့ဖြိုး ရေးလုပ်ငန်းများတွင် ထည့်သွင်းရေးဆွဲရန်ခက်ခဲပါသည်။ ကျွန်တော် တို့ကျေးရွာမှ အသေးစားလုပ်ငန်းများ အတွက်အကျိုးဖြစ်ထွန်းစေမည့်လုပ်ငန်းသစ်များလုပ်နိုင်ရန်အခွင့်အလမ်းများရှိနေပါသည်။ နိုင်ငံတော်အစိုးရ အနေဖြင့်လည်းစီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့တစ်ခု တည်ထောင်ပြီး မြို့နယ်အဆင့်စီမံခန့်ခွဲမှုအောက်တွင်တစ်နစ်ပတ်လုံးဝန်ဆောင်မှုရရှိအောင်ဆောင်ရွက်ပေးရန်လိုအပ်ပါ သည်။ထိုအဖွဲ့တွင်ကျွမ်းကျင်ပညာရှင်အချို့နှင့်တိုးချဲ့ပညာပေးရေးဝန်ထမ်းအချို့ပါဝင်မည်ဖြစ်ပြီး၊ မြို့နယ် ဒေသမှသည်ကျေးရွာအထိလိုအပ်သောစီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုအထောက်အကူပြုလုပ်ငန်းများကို ဆောင်ရွက် ရန်အတွက် လုံလောက်သောရန်ပုံငွေလည်းရှိရပါမည်။

### (ဃ) လမ်းပန်းဆက်သွယ်ရေး

ကျေးရွာ ရွာတွင်းလမ်းများမှာ ကွန်ကရစ်လမ်းများဖြစ်ပြီး စက်ဘီး၊ ဆိုင်ကယ်များကို အသုံးပြု၍ သွားလာနေပါသည်။ ကျန်ရှိနေသောမြေသားလမ်းများကိုလည်းစနစ်တကျခင်းကျင်းရန် လိုအပ်ပါသည်။ ပြောင်းလဲတိုးတက်မှုနှင့်အတူလမ်းများဖွံ့ဖြိုးတိုးတက်လာစေရန်ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။

## ၈။ စီမံကိန်း၊စီမံချက်များနှင့် အကောင်အထည်ဖော်မည့် အချိန်ကာလ

စီမံချက်များသည် အကောင်အထည်ဖော်မည့် ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောထားနားလည်နိုင်စေမည့်ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့်စီမံချက်များသည် ငါးနှစ်တာ စီမံချက်ကာလအတွင်းချမှတ်ထားသော ပန်းတိုင်များသို့ရောက်ရှိရန် ပါဝင်ပေးမည့်ဖွံ့ဖြိုး ရေးလုပ်ငန်း အကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

### (က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း

ကျေးရွာလူထုက ငါးနှစ်တာစီမံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့် ကာလက ဖော်ထုတ် ဦးစားပေး တန်းစီးခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှ ပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာ လူထုသည် နှစ်နှစ်၊သုံးနှစ်တာကာလ စီမံချက်များအတွက် မျှော်မှန်းရေးဆွဲထားနိုင်ကြသော်လည်း ငါးနှစ်တာကာလ တစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။ ထိုကြောင့်ငါးနှစ်တာကာလကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမြောက် မူဘောင်အတွင်း နှစ်ပတ်လည် ဖွံ့ဖြိုးရေးအစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

### (ခ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ကျေးရွာလူထုမှ နှစ်သက်ရာအမှတ်ပေးအဆင့် ခွဲခြားစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များဦးစားပေးအစီ အစဉ်ကိုဖော်ထုတ်ထားပါသည်။တစ်ချို့စီမံချက်များကိုရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာ အဖွဲ့အစည်း များနှင့်အခြားအေဂျင်စီများထံမှလည်းနည်းပညာအကူအညီများရရှိရန်လည်းလိုအပ်ပါသည်။

**နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်(ကညင်ချောင်းကျေးရွာ)**

| စဉ် | စီမံချက် | ဦးစားပေး အဆင့် | ၂၀၂၁ | ၂၀၂၂ | ၂၀၂၃ | ၂၀၂၄ | ၂၀၂၅ |
|---|---|---|---|---|---|---|---|
| ၁ | ကျေးရွာတွင်ကွန်ကရစ်တံတား တည်ဆောက်ခြင်း | ၁ | ✓ | ✓ | | | |
| ၂ | ရွာတွင်းလမ်းတိုးချဲ့ကွန်ကရစ်ခင်း ခြင်း | ၄ | | | | ✓ | |
| ၃ | ကျေးရွာတွင်းဘက်စုံသုံးခန်းမ တည်ဆောက်ခြင်း | ၅ | | | | ✓ | ✓ |
| ၄ | လျှပ်စစ်မီးရရှိရေး | ၃ | | | ✓ | ✓ | |
| ၅ | အုတ်ရေလှောင်ကန်တည်ဆောက် ခြင်း | ၂ | | ✓ | ✓ | | |

**ဦးစားပေးစီမံချက်များ(ကညင်ချောင်းကျေးရွာ)**

| ကဏ္ဍ/ကဏ္ဍခွဲ | စီမံချက် | ရမှတ်ပေါင်း | ဦးစားပေးအဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| ကျေးရွာအဆောက်အဦး | ၁။လမ်းပန်းဆက်သွယ်ရေးတိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ခြင်း | ၁၀၀ | ၁ | ကျေးရွာတွင်းတံတားတည်ဆောက်ခြင်း(၈၀'×၁၀'×၁၁')ပေ | |
| | ၂။လမ်းပန်းဆက်သွယ်ရေးတိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ခြင်း | ၇၀ | ၆ | ရွာတွင်းလမ်းတိုးချဲ့ကွန်ကရစ်ခင်းခြင်း | |
| | ၃။ကျေးရွာစီမံအုပ်ချုပ်ရေးတိုးတက်ကောင်းမွန်လာစေရန် | ၆၅ | ၅ | ကျေးရွာဘက်စုံသုံးခန်းမတည်ဆောက်ခြင်း | |
| မီးလင်းရေး | ၁။ကျေးရွာလျှပ်စစ်မီးရရှိအောင်ဆောင်ရွက်ခြင်း | ၇၅ | ၃ | လျှပ်စစ်မီးရရှိရေး | |
| ရေပေးရေး | ၁။ကျေးရွာတွင်သန့်ရှင်းသောသောက်သုံးရေရရှိရေး | ၉၀ | ၂ | အုတ်ရေလှောင်ကန်တည်ဆောက်ခြင်း | |

# ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား(ကညင်ချောင်းကျေးရွာ)

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့် နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | **ကျေးရွာအဆောက်အဦကဏ္ဍ** | | | | | |
| | ● သွားလာရေး ခက်ခဲခြင်း | ● တံတားလိုအပ် ခြင်း | ● ကျေးရွာမှလုပ်အားဖြင့် ထည့်ဝင်နိုင်ခြင်း<br>● ထည့်ဝင်ငွေအချို့ရှိခြင်း<br>● ကျောင်းသားများအ တွက်များစွာအကျိုးရှိခြင်း | ● ငွေကြေး အခက်အခဲရှိခြင်း | ● ကွန်ကရစ်တံတားဖြစ် မြောက်ရေးကော်မတီဖွဲ့စည်းခြင်း<br>● သက်ဆိုင်ရာဌာနများသို့ ချိတ်ဆက်တောင်းခံခြင်း | ● ကျေးရွာတွင်းကွန်က ရစ်တံတားတည်ဆောက် ခြင်း(၁၈'×၁၀'×၁၁' ) |
| | ● သွားလာရေး ခက်ခဲခြင်း | ● ကွန်ကရစ်လမ်း မှာကျဉ်းမြောင်းနေ ခြင်း | ● ကျေးရွာမှလုပ်အားဖြင့် ထည့်ဝင်နိုင်ခြင်း | ● တိုးချဲ့ကွန်ကရစ် လမ်းခင်းရန်ငွေကြေး အခက်အခဲရှိခြင်း | ● သက်ဆိုင်ရာဌာနများသို့ ချိတ်ဆက်တောင်း ခံခြင်း | ● ရွာတွင်းလမ်း တိုးချဲ့ကွန်ကရစ်ခင်းခြင်း |
| | ● ကျေးရွာတွင်အ စည်းအဝေး၊ဟော ပေပြောပွဲများပြု လုပ်ရန်ခက်ခဲခြင်း | ● ဘက်စုံသုံးခန်းမမ ရှိခြင်း | ● ကျေးရွာမှလုပ်အားဖြင့် ထည့်ဝင်နိုင်ခြင်း | ● ကျေးရွာပိုင်မြေနေ ရာမရှိခြင်း | ● ပုဂ္ဂလိကအလှူရှင်များအဖွဲ့ အစည်းများနှင့်ချိတ်ဆက် ဆောင်ရွက်ခြင်း | ဘက်စုံသုံးခန်းမတည် ဆောက်ခြင်းစီမံချက် |
| ၂ | မီးလင်းရေး | | | | | |
| | ● ကျောင်းသား/ ကျောင်းသူများစာ ကျက်နိုင်ရန်အ လင်းရောင်ကောင်း စွာမရရှိခြင်း | ● လျှပ်စစ်မီးမရှိ ခြင်း၊<br>● ကောင်းမွန်သော ဆိုလာမီးလင်းရေး မရရှိသေးခြင်း | ● ကျေးရွာမှထည့်ဝင်ငွေ ထည့်ဝင်နိုင်ခြင်း<br>● ကျေးရွာမှစိတ်အား ထက်သန်မှုရှိခြင်း | ● ပြင်ပအလှူရှင် များဖွံ့ဖြိုးရေးအဖွဲ့အ စည်းများနှင့်မချိတ် ဆက်တက်ခြင်း | ● လျှပ်စစ်မီးရရှိရန်သက်ဆိုင် ရာဌာနများနှင့်ချိတ်ဆက်ခြင်း | ● ကျေးရွာလျှပ်စစ်မီး လင်းရေးစီမံချက် |

| ၃ | ရေပေးရေး | | | | | |
|---|---|---|---|---|---|---|
| | ● သန့်ရှင်းသော သောက်သုံးရေရရှိရန်အခက်အခဲရှိခြင်း<br>● မြစ်ရေ/ချောင်းရေကိုသောက်သုံးနေရခြင်း | ● ကျေးရွာပိုင်၏ သောက်ရေကန်မရှိခြင်း | ● ကျေးလက်ဦးစီးကဲ့သို့သောကျေးရွာဖွံ့ဖြိုးရေးအတွက်ဆောင်ရွက်နေသောဌာနများရှိခြင်း<br>● ကျေးရွာမှလိုအပ်သောလုပ်အားများပါဝင် နိုင်ခြင်း<br>● ရေကန်ခြံစည်းရိုးကာရံပါကသန့်ရှင်းသောသောက်သုံးရေသုံးစွဲလာနိုင်ခြင်း | ● ငွေကြေးအခက်အခဲရှိခြင်း | ● ကျေးလက်ဦးစီးဌာနသို့ တင်ပြတောင်းခံခြင်း | ● အုတ်ရေလှောင်ကန်တည်ဆောက်ရေးစီမံချက် |

ကျိုက်လတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ကညင်ချောင်းကျုံဖားကျေးရွာအုပ်စု၊ကညင်ချောင်းကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | ဦးဝင်းနိုင် | ဦးအေးလေး | ၁၄/ကလန(နိုင်)၀၈၁၇၁၇ | ၄၇ | ဥက္ကဌ | J |
| ၃ | ဦးတင်လှ | ဦးလှမောင် | ၁၄/ကလန(နိုင်)၀၆၅၂၈၂ | ၆၉ | အဖွဲ့ဝင် | J |
| J | ဒေါ်အေးအေးချို | ဦးဝင်းမြင့် | ၁၄/လသရ(နိုင်)၀၄၀၈၂၄ | ၃၅ | ဘဏ္ဍာရေးမှူး | |
| ၄ | ဒေါ်စုစုမာ | ဦးအောင်ဝင်း | ၁၄/ကလန(နိုင်)၁၃၀၃၃၂ | ၃၈ | စာရင်းကိုင် | |
| ၅ | ဦးစိုးကြည် | ဦးကျော်မောင် | ၁၄/ကလန(နိုင်)၀၈၂၉၈၈ | ၄၉ | ဥက္ကဌ(ဝယ်/ဆပ်) | J |
| ၆ | ဦးသိန်းချို | ဦးလှမြိုင် | ၁၄/ကလန(နိုင်)၀၉၅၀၉၉ | ၅၂ | အတွင်းရေးမှူး | |
| ၇ | ဦးအောင်ဝင်း | ဦးခင်မောင် | ၁၄/ကလန(နိုင်)၀၁၃၈၅၈ | ၆၀ | အဖွဲ့ဝင် | |
| ၈ | ဦးလှသင်း | ဦးကျော်မောင် | ၁၄/ကလန(နိုင်)၀၆၄၇၅၂ | ၅၄ | အဖွဲ့ဝင် | |
| ၉ | ဒေါ်အေးအေးမိုး | ဦးအေးလေး | ၁၄/ကလန(နိုင်)၀၈၁၃၇၈ | ၃၉ | အဖွဲ့ဝင် | |
| ၁၀ | ဒေါ်အေးနွဲ့ | ဦးလှိုင်ကြည် | ၁၄/ကလန(နိုင်)၀၆၄၄၇၁ | ၆၄ | အဖွဲ့ဝင် | |
| ၁၁ | ဒေါ်ခင်သန်းဝင်း | ဦးခင်မောင်ဝင်း | ၁၄/ကလန(နိုင်)၀၉၉၃၀၁ | ၃၈ | အဖွဲ့ဝင် | |

ပုံစံ(၁)

စီမံချက်အဆိုပြုလွှာ(သို့)စီမံချက်အကြောင်းအရာ (Project profile)

<table>
<tr><td colspan="2">ကျေးရွာ - ကညင်ချောင်း<br>ကျေးရွာအုပ်စု - ကညင်ချောင်းကျုံဖြား<br>မြို့နယ် - ကျိုက်လတ်<br>တိုင်းဒေသကြီး/ပြည်နယ် - ဧရာဝတီ</td></tr>
<tr><td colspan="2">စီမံချက်အမည် - ကျေးရွာတွင်းသံကူကွန်ကရစ်တံတားတည်ဆောက်ခြင်း (၈၀’x ၁၀’x ၁၁’)</td></tr>
<tr><td colspan="2">စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်းရှင်းလင်းဖော်ပြချက်(သို့)လက်ရှိအခြေအနေ<br>- ယခုလက်ရှိတံတားမှာ ဝါးလုံးတံတားဖြစ်၍ သွားလာရခက်ခဲပါသည်။<br>- ကျောင်းသား၊ကျောင်းသူများအနေဖြင့် ဝါးလုံးတံတားဖြစ်နေသောကြောင့် ကျောင်းသွားကျောင်းပြန် အခက်အခဲများရှိပါသည်။<br>- မိုးတွင်းလာလ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသောကြောင့် ကျန်းမာရေးဆိုင်ရာ အရေးပေါ် အခြေအနေဖြစ်ပေါ်လာပါက အသက်အန္တရာယ် ထိခိုက်နိုင်ပါသည်။</td></tr>
<tr><td colspan="2">စီမံချက်၏ ရည်ရွယ်ချက်(လက်ရှိအခြေအနေအားပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)<br>- ကျောင်းသား၊ကျောင်းသူများ ပညာသင်ယူမှုတွင် သွားလာရအဆင်ပြေစေရန်<br>- ကျန်းမာရေးအရေးပေါ်အခြေအနေများတွင်သွားလာရအဆင်ပြေ၍အသက်အန္တရာယ်ကင်းဝေးရန်</td></tr>
<tr><td colspan="2">မျှော်မှန်းအကျိုးရလာဒ်(လက်ငင်းရည်ရွယ်ချက်ရရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့်အကျိုးကျေးဇူးများ)<br>- ကွန်ကရစ်တံတားခင်းပြီးနောက် သွားလာမှုပိုမိုအဆင်ပြေလွယ်ကူလာမည်။<br>- ကျောင်းသားကျောင်းသူများ ပညာသင်ယူမှုတွင် သွားလာရေးအခက်အခဲများ မရှိသဖြင့်ကျောင်း ပျက်နှုန်း နည်းလာပြီး ပညာတက်မြောက်သူဦးရေများလာမည်။<br>- ထို့ပြင်နွေရာသီ မီးဘေးအန္တရာယ်ဖြစ်ပေါ်လာပါက လမ်းကောင်းနေသောကြောင့်အချိန်မီတားဆီး နိုင်ပါမည်။</td></tr>
<tr><td colspan="2">စီမံချက်ဆိုင်ရာအချက်အလက်ဖော်ပြခြင်း(ဘာလုပ်မည်၊ဘယ်လောက်ပမာဏလုပ်ရမည်)<br>- ကျေးရွာတွင်းလမ်း ကျေးရွာတွင်းသံကူကွန်ကရစ်တံတားတည်ဆောက်ခြင်း (၈၀’x ၁၀’x ၁၁’)</td></tr>
<tr><td colspan="2">ကုန်ကျစရိတ်ထည့်ဝင်မှု</td></tr>
<tr><td>ခန့်မှန်းကုန်ကျစရိတ်(ကျပ်)</td><td>ထည့်ဝင်မည့်အစီအစဉ်</td></tr>
<tr><td>• (၁၀၀၀၀၀၀၀) ကျပ် ငွေသား<br>• (၄၉၀၀၀၀၀) ကျပ် ငွေသား<br>• ပစ္စည်း/လုပ်အား</td><td>• ကျေးလက်ဦးစီး<br>• ကျေးရွာ<br>• ကျေးရွာ</td></tr>
</table>

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှုအဆင့်အတန်း(အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| ကျေးရွာအဆင့် | ၁၅၅ | ၁၉၅ | ၃၅၀ | ၁၁ | ၁၈ | ၂၀ | ၃၅ | ၈၄ |
| အကျိုးခံစားမည့်ဦးရေ | ၁၅၅ | ၁၉၅ | ၃၅၀ | ၁၁ | ၁၈ | ၂၀ | ၃၅ | ၈၄ |
| မှတ်ချက်။ ချောင်လည်အဆင့်-၁ ၊အလယ်အလတ်အဆင့် -၂၊ ဆင်းရဲ -၃၊ အလွန်ဆင်းရဲ -၄ | | | | | | | | |

စီမံချက်အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း(များ)

- ကျေးရွာသူ/ကျေးရွာသားများဖြင့် ဖွဲ့စည်းထားသည့်ကျေးရွာကော်မတီ
- မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

(၂) စီမံချက်စတင်မည့် အချိန်၊ခန့်မှန်း ၂၀၂၁ ခုနှစ် ၊မတ်လ

(၃) စီမံချက်ပြီးစီးမည့်အချိန် ၂၀၂၁ ခုနှစ် ၊မေ လ

(၄) ကျေးရွာထည့်ဝင်မှုရရှိအောင် ဆောင်ရွက်မည့်အစီအစဉ်

- ကျေးရွာမှ ကော်မတီဖွဲ့စည်းမည်။ ရွာလုံးကျွတ်အစည်းအဝေးတစ်ရပ်ခေါ်ယူပြီး လုပ်ငန်း ဆောင်ရွက်မည့် အစီအစဉ်များကို ချပြဆွေးနွေးမည်။
- ကျေးရွာတွင်းသံကူကွန်ကရစ်တံတားတည်ဆောက်ပါကကျေးရွာမှ လုပ်အားထည့်ဝင်ပါမည်။
- လိုအပ်ပါက ပစ္စည်းနှင့်ငွေကြေးအသင့်အတင့်ထည့်ဝင်ပါမည်။

(၅) လုပ်ငန်းလည်ပတ်ရေးပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့်ငွေကြေးဆိုင်ရာ အစီအစဉ်များ

- လုပ်ငန်းများကောင်းမွန်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအဆင့် အလိုက် ကျေးရွာလူထုအား အစည်းအဝေးခေါ်ပြီး ဆွေးနွေးတိုင်ပင်ပါမည်။
- လုပ်ငန်းများအကောင်အထည်ဖော်ပြီးပါကလည်း လုပ်ငန်းပြီးဆုံးမှု အလွှဲအပြောင်း လုပ်ဆောင် ခြင်း ဆောင်ရွက်ပါမည်။
- တံတားအခြေအနေအားရေရှည်ကောင်းမွန်ခိုင်ခံ့စေရေးအတွက် လိုအပ်သော ပြုပြင်ထိန်းသိမ်းမှု လုပ်ငန်းများကို အစီအစဉ်ရေးဆွဲပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ဦးဆောင်၍လုပ်ဆောင် သွားပါမည်။
- ပြုပြင်ထိန်းသိမ်းရေးအတွက် လိုအပ်မည့် ကုန်ကျစရိတ်များကိုလည်း ကျေးရွာအတွင်းရှိ လမ်းသူ လမ်းသားများ လုပ်ငန်းရှင်များထံမှ အလှူငွေ(သို့)စုပေါင်းလုပ်အားဖြင့် ဆောင်ရွက်သွားပါမည်။

နောက်ဆက်တွဲ(ခ)

## ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

### (၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

### (က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

**ဇယား ( ၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူ အရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | ၃ | ၂ | ၅ | | |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၁၁ | ၈ | ၁၃ | | |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၁၀ | ၁၆ | ၂၆ | | |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၁၀ | ၁၆ | ၂၆ | ၁ | |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၁၆ | ၁၄၁ | ၂၅၇ | | |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၅ | ၁၂ | ၁၇ | | |
| စုစုပေါင်း | | ၁၅၅ | ၁၉၅ | ၃၅၀ | ၁ | |
| စုစုပေါင်း အိမ်ထောင်စု | | ၈၄ | | | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။ ။**အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာ မွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ် ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀)နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှ အသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာ အသက်(၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့် အထက်ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့်အရွယ်နှင့် ၎င်းထက် အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။

**လေ့လာတွေ့ရှိချက်။ ။**ကျေးရွာတွင်ကျားမအချိုးမှာ အမျိုးသမီးဦးရေသည်အမျိုးသားဦးရေထက်များပြားပါသည်။ အမျိုးသမီးဦးဆောင် အိမ်ထောင်စု (၁၅)စုရှိပါသည်။ ကျောင်းတက်နိုင်သောကျောင်းသားဦးရေ အသင့်အတင့်ရှိပါသည်။ကလေးမွေးဖွား နှုန်းမှာအသင့်အတင့်ရှိပါသည်။ ကျောင်းတက်နိုင်သော ကလေးများ သည်ရွာချင်းကပ်လျက်ဖြစ်သော(ထ-ခွဲ)ကျောင်းသို့ သွားရောက်ပညာသင်ကြားနိုင်ပါသည်။ အမျိုးသမီး ဦးရေများသောကြောင့် အလုပ်အကိုင်အခွင့်အလမ်းများအိမ်တွင်းလက်မှုပညာများ ဖန်တီးပေးနိုင်ပါက ကျေးရွာရှိ အမျိုးသမီးများ အလုပ်အကိုင်များရရှိလာနိုင်မည်ဖြစ်သည်။ အသက်(၆၀)နှင့်အထက်သက် ကြီးရွယ်အိုများ ရှိနေခြင်းအတွက်သက်ကြီးစောင့်ရှောက်မှုအဖွဲ့အစည်းများဖွဲ့စည်းနိုင်ရန်လို အပ်ပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃၇ | ၄၇ | ၇ | ၁ | ၇ | | မြင့် ☐ လတ် ✔ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၃ | ၄ | | | | | မြင့် ☐ လတ် ☐ နိမ့် ✔ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့်☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့်☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့်☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | | | |
